ကွမ်းသီးခြံကျေးရွာ

အုတ်တွင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၁-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကွမ်းသီးခြံကျေးရွာ၊ အုတ်တွင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ လ(   )ရက်

မာတိကာ

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း**

**အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

(၁) တည်နေရာနှင့် ပထဝီအနေအထား

(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

(၆) ပညာရေး

(၇) ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၉) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

**အပိုင်း(၂) စီမံချက်ဆိုင်ရာ အချက်အလက်**

စီမံချက်အဆိုပြုလွှာ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂)

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃)

## ၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကွမ်းသီးခြံကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်အတွင်းနတ်စဉ်ကုန်းကျေးရွာအုပ်စုအတွင်း အုတ်တွင်းမြို့၏ အနောက်ဘက် ၊ပြည်ပေါက်ခေါင်းလမ်း၏တောင်ဘက်ခြမ်းတွင်တည်ရှိပါသည်။ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး စပါးစိုက်ပျိုးရာတွင်ရေလွှမ်းမိုးမှုများမရှိသလောက်နည်းပါးပါသည်။

## (၂)ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကွမ်းသီးခြံကျေးရွာသည်နှစ်စဉ်မိုးရေချိန်လက်မ(၈၀)ခန့်ရှိပြီးသဘာဝပေါက်ပင်များအဖြစ် သရက်၊မန်းကျည်း၊မရမ်း၊တမာ၊အုန်းပင်၊ ငှက်ပျော၊ ကတက်၊ မလေးရှားပိတောက်၊ညောင်ပင်နှင့်ကုက္ကိုပင်များပေါက်လေ့ရှိပါသည်။ မိုးရာသီမိုးစပါးသီးနှံနှင့် ဆောင်းသီးနှံအဖြစ် မတ်ပဲ၊ မြေပဲစိုက်ပျိုးပြီး နွေစပါးကိုလည်းစိုက်ပျိုးကြသည်။

## (၃) ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်နိုင်ရန်ကာလသားအဖွဲ့နှင့် အမျိုးသမီးများအသင်းအဖွဲ့၊ကျေးရွာမီးလင်းရေး ကော်မတီအဖွဲ့နှင့်လမ်းကောင်မတီအဖွဲ့များ ဖွဲ့စည်းထားရှိပြီးအခြားလုပ်ငန်း ကိစ္စများတွင်အသီးသီးပါဝင်၍ တာဝန်ယူဆောင်ရွက်ကြပါသည်။ရွာသား/သူများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်း ဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပြီး ပြင်ပမှ အသေးစားချေးငွေအဖွဲ့များ၊ အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့နှင့် ဆက်စပ်သည့်အဖွဲ့များလည်းရှိပါသည်။

### (ခ)စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာအဓိကဝင်ငွေရစီးပွါးရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် မိုးစပါးစိုက်ပျိုးကြပြီးဆောင်းသီးနှံအဖြစ်မတ်ပဲနှင့်မြေပဲစိုက်ပျိုးကြပါသည်။နွေရာသီတွင် ရေသိုးဆည်ရေသောက်ဖြင့်နွေစပါးများတချို့တဝက်စိုက်ပျိုးကြပါသည်။ကြက်၊ဝက်၊ကျွဲနွားများကိုလည်းတပိုင်တနိုင်မွေးမြူကြပါသည်။ကျေးရွာတွင် ကုန်စိမ်း/ခြောက် ရောင်းဝယ်ခြင်း၊ ခေါင်းရွက်ဗျက်ထိုး၊ လက်သမား၊ ပန်းရံလုပ်ငန်းများနှင့် အစိုးရဝန်ထမ်းတို့မှအပ အခြားဝင်ငွေရလုပ်ငန်းများ နည်းပါးသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် ဈေးကွက်အနေအထားအရ အကျိုးအမြတ်ရရှိနိုင်မှု အနည်းအပါးမှ အသင့်အတင့်ရှိသည်။

(ဂ)အဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်နေထိုင်သူအများစုသည်သောက်ရေသုံးရေတို့ကိုသုံးရန်ကိုယ်ပိုင်ရေတွင်းရှိပြီးအချို့မှာနီးစပ်ရာရေတွင်းတွင်သုံးစွဲကြပြီးကျေးရွာတွင်အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့်ကျေးလက်ကျန်းမာရေးဌာနရှိပြီးကျေးရွာပညာရေးနှင့်ကျန်းမာရေးကိုအထောက်အကူပြုပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေ၊ သမဝါယမဦးစီးဌာနမှ ထုတ်ချေးပေးပြီး အခြားလုပ်ငန်းလုပ်ကိုင်သူများအတွက် ချေးငွေလိုအပ်ပါက သမဝါယမဦးစီးဌာန၊ပုဂ္ဂလိကအသေးစားငွေစု၊ငွေချေးလုပ်ငန်းများမှချေးယူနိုင်ပါသည်။

**(င) ပညာရေး**

ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး မူလွန်အောင်ပါကအခြားမြို့ရွာကျောင်းများသို့ တက်ရောက်ရသဖြင့်တချို့တဝက်သာတက်ရောက်နိုင်ကြသဖြင့် ကျေးရွာတွင် ပညာတတ်ဘွဲ့ရ သူနည်းပါးသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်နည်းပညာနှင့်အသိပညာဗဟုသုတရှိသူများနည်းပါးသည်။

**(ဂ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် ကျန်းမာရေးကောင်းမွန်သဖြင့် ကူးစက်ရောဂါမရှိသလောက်အလွန်နည်းပါးပါသည်။နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များသွေးလွန်တုတ်ကွေးရောဂါနှင့် ရာသီတုတ်ကွေးရောဂါများခံစားရလေ့ရှိသော်လည်းကာကွယ်မှုများ ပြုလုပ်သဖြင့်ကူးစက်မှုနည်းပါးပါသည်။အဟာရမျှတစွာစားသောက်ကြသည့် အတွက်ကျန်းမာရေးအလွန်အားကောင်းကြပါသည်။ကိုယ်ဝန်ဆောင်များကိုလည်းအချိန်မီကာကွယ်ဆေးထိုးနှံမှုနှင့် တိုက်ကျွေးမှုများကိုကျန်းမာရေးဌာနမှလာရောက်စောင့်ရှောက်မှုပေးပါသည်။

**(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာရှိလယ်မြေများတွင် နှစ်စဉ်စပါးစိုက်ပျိုးရာတွင် ဓါတ်မြေသြဇာများ အသုံးပြုပြီး သဘာဝ သစ်ဆွေးမြေသြဇာနှင့်နွားချေးများမထည့်ပေးနိုင်ခြင်း တို့ကြောင့်မြေဆီလွှာပျက်ဆီးမှုများကြုံတွေ့နေရ ပါသည်။ဆောင်းသီးနှံအဖြစ်မတ်ပဲနှင့် မြေပဲတို့ကိုပိုးသတ်ဆေးများ မှိုသတ်ဆေးများ အသုံးပြုခြင်းကြောင်း သဘာဝပတ်ဝန်ကျင်းထိန်းသိမ်းမှုနှင့် ရေသယံဇာတပျက်စီးမှုများ ဖြစ်ပေါ်လျှက်ရှိပါသည်။

**(၉) ကျား– မ ရေးရာ**

ကျား–မဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများသာမက ကျေးရွာဖွံ့ဖြိုးရေးပညာရေးသာရေးနာရေးလုပ်ငန်းများတွင်အမျိုးသားများသာမကအမျိုးသမီးများပါ ပါဝင်ဆောင်ရွက်ကြပါသည်။

### (၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပြီး ကျေးရွာလူထုမှ အမှတ်ပေးစနစ်ဖြင့် ကျေးရွာလုံးကျွတ်အစည်းအဝေးတွင် ဦးစားပေးစီမံချက်အစီအစဉ်များကို ဖော်ထုတ်ထားပါသည်။ အချို့ စီမံချက်များကို အကောင်အထည်ဖော်ရာ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခြားလူမှုအဖွဲ့အစည်းများ ထံမှ နည်းပညာအကူအညီများ၊ အခြားအထောက်အပံ့များ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-